ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

သာပေါင်းမြို့နယ်

National Community Driven Development Project

၂၀၁၇ ခုနှစ်




# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## *Village Development Plan (VDP)*


## သရက်ကုန်းကျေ းရွာအုပ်စု

လေပွေကုန်းကျေးရွာ                                        သာပေါင်းမြို့နယ်

# သာပေါင်းမြို့နယ် ကျေးရွာအုပ်စုအခြေပြမြေပုံ



ရောဂတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်၊ သရက်ကုန်းအုပ်စု၊လေပွေကုန်းကျေးရွာ



**ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာများစာရင်း**

(၁) သရက်ကုန်း

(၂) လေပွေကုန်း

(၃) ရွှေရင်မျှော်

(၄) ဘုရားကြီး

(၅) ပေါက်လွှတ်

(၆) ဆိပ်ကြီး

(၇) ရေလဲကြီး

(၈) အလယ်စု

## ကျေးရွာအတွင်းရှိ အိမ်ထောင်စုနှင့်လူဦးရေ

| အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| 82 | 74 | 77 | 151 |

## လူနည်းစု၊ လူမျိုးစု၊ အိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဗမာ | 82 | 74 | 77 | 151 |
| | | | | |
| | | | | |
| | | | | |

## လူနည်းစု၊ လူမျိုးစု၊ အိမ်ထောင်စု

| ထိခိုက်လွယ် | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီးရွယ်အို | 11 | 6 | 5 | 11 |
| အမျိုးသမီးဦးဆောင် | 13 | 12 | 16 | 28 |
| မသန်စွမ်း | 5 | 2 | 3 | 5 |
| မြေယာမဲ့ | | | | |

## ကျေးရွာအတွင်းရှိ အခြေခံအဆောက်အအုံများ

| စဉ် | အဆောက်အဦး | မှတ်ချက် |
|---|---|---|
| 1 | ဘုန်းကြီးကျောင်း | |
| 2 | မူလတန်းကျောင်း | |
| 3 | မူကြိုကျောင်း | |

## အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| လယ် | ကြက် | ဈေးရောင်း | |
| ကိုင်း | ဝက် | | |
| | ဘဲ | | |

## ကျေးရွာအတွင်းအဓိကပိုင်ဆိုင်မှုများ

| ကျေးရွာ ပိုင်ဆိုင်မှုများ | စိုက်ပျိုးရေး | စားကျက်မြေ | သစ်တောမြေ | သဲ/ကျောက် ရရှိမှု | ရေတွင်း ရေကန် | စက်ရေကန် |
|---|---|---|---|---|---|---|
| အရေအတွက် | ၃၅ | မရှိ | မရှိ | မရှိ | ၅ | ၂ |
| ကျေးရွာ ပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ချွေလှေ့စက် | ပဲခွဲစက် | ဈေးဆိုင် |
| အရေအတွက် | မရှိ | မရှိ | မရှိ | မရှိ | မရှိ | ၄ |

## ကျေးရွာအတွင်း အဓိကပိုင်ဆိုင်မှုများ

| ကျေးရွာ ပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၁၀ | ၁၄ | ၂၀ | ၁၀ | ၄၂ |
| ကျေးရွာ ပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင် လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၂၆ | ၁၂ | ၃ | ၈၀ | မရှိ |

## အခြားကျေးရွာရှိ အသုံးပြုနိုင်သော အရင်းအမြစ်နှင့် အချက်အလက်များ

| အရင်းအမြစ် | ဆေးခန်း | အလက/ အထက | ဈေး | ကျွမ်းကျင် လုပ်သား | လုပ်သား | မြေတူးစက် | လမ်းကြိတ်စက် |
|---|---|---|---|---|---|---|---|
| မရှိ | မရှိ | | မရှိ | ၃ | ၈၀ | မရှိ | မရှိ |

## သာပေါင်းမြို့နယ်၊ သရက်ကုန်းကျေးရွာအုပ်စု၊လေပွေကုန်း

## လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာသမိုင်း | | ၂ | ၃ | ၅ | ကျေးရွာတွင်ဖြစ်ပျက်ခဲ့သော ထူးခြားဖြစ်စဉ်များနှင့် ဖြတ်သန်းလာခဲ့ပုံများ။ |
| ၂ | ကျေးရွာလူမှုရေးပြ<br>ပ<br>မြေပုံ | | ၁၀ | ၁၀ | ၂၀ | ကျေးရွာရှိ အိမ်အမျိုးအစားများလမ်းများ၊ ပညာရေး၊ ကျန်မာရေး လက်လှမ်းမီမှု၊ မုဆိုးမများ၊ဒုက္ခိတများ။ |
| ၃ | ရာသီခွင်ပြပြက္ခဒိ<br>န် | | ၁၀ | ၈ | ၁၈ | စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ရာတွင် ကျေးရွာလူထုပူပေါင်းပါဝင်နိုင်ရေး အချိန်ပေးနိုင်သော ကာလအား ဖော်ထုတ်ခြင်းနှင့် ကျေးရွာလူထု ဝမ်းစာဖူလုံမှု ဝင်ငွေရရှိမှုများ။ |
| ၄ | အဖွဲ့အစည်း<br>ချိတ်ဆက်ပုံ | | ၄ | ၁၀ | ၁၈ | ကျေးရွာအတွင်းရှိအဖွဲ့အစည်းများနှင့် ပြင်ပရှိ အဖွဲ့အစည်းများ မည်သို့ချိတ်ဆက်ပုံကို ဖော်ထုတ် ခြင်း။ |
| ၅ | ပင့်ကူအိမ်ပြမြေပုံ | | ၈ | ၁၁ | ၁၉ | အမျိုးသမီးများနှင့် အမျိုးသားများ၏ လက်ရှိရနေသော အခွင့်အလမ်းများ နှိုင်းယှဉ်ဖော်ထုတ်ခြင်း |
| ၆ | ဥစ္စာဓနပြမြေပုံ | | ၁၀ | ၁၀ | ၂၀ | လူမှုစီးပွားအပေါ် အဆင့်သတ်မှတ်ရန်မိမိ ကျေးရွာအလိုက် ပိုင်ဆိုင်မှုများခွဲခြမ်းစိတ်ဖြာခြင်း။ |
| ၇ | အရင်းအမြစ်ပြမြေ<br>ပုံ | | ၁၀ | ၁၀ | ၂၀ | ကျေးရွာ၏အဓိကအသက်မွေးဝမ်းကြောင်း၊ မြေယာပိုင်ဆိုင်မှု၊သဘာဝ ယံဇာတလက်လှမ်းမီမှုများ |
| ၈ | ပြဿနာသစ်ပင် | | ၁၀ | ၈ | ၁၈ | မိမိကျေးရွာတွင် လက်ရှိကြုံတွေ့ နေရသော အခက်အခဲများဖြစ်ပေါ် စေသောအကြောင်းအရာများနှင့် အကျိုးသက်ရောက်မှု ဖော်ထုတ်ခြင်း။ |

**ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်၊ သရက်ကုန်းကျေးရွာအုပ်စု၊ လေပွေကုန်းကျေးရွာ**

# သမိုင်းအကျဉ်း

| ခုနှစ် | အဖြစ်အပျက် | ထိရောက်မှု၊ သက်ရောက်မှုနှင့် ဆောင်ရွက်ခဲ့မှုများ |
|---|---|---|
| 1948 | ကွန်မြူနစ်တို့ဝင်ရောက် | ရွှေရင်မျှော်ရွာနှင့်ဘုရားကြီးရွာသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရသည်။ |
| 1975 | မုန်တိုင်းတိုက်ခိုက် | အိမ်များပြိုခြင်း သစ်ပင်များလဲခြင်းတို့ဖြစ်ခဲ့ပါသည်။ |
| 1980 | မုန်တိုင်းတိုက်ခိုက် | အပျက်အစီးအနည်းငယ်ရှိခဲ့သည်။ |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |

## ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်၊ သရက်ကုန်းကျေးရွာအုပ်စု၊လေပွေကုန်းကျေးရွာ

## သမိုင်းကြောင်း

လေပွေကုန်းကျေးရွာသည် သရက်ကုန်းအုပ်စုတွင်ပါဝင်ပြီး အိမ်ခြေ၈၀ခန့်ရှိပါသည်။ စတင်တည်ထောင်ချိန်တွင် အိမ်ခြေပေါင်း၂၅လုံးခန့်သာရှိပြီး ၁၉၄၈ ဝန်းကျင်တွင် ကွန်မြူနစ်တို့ဝင်ရောက်ခဲ့သဖြင့် ရွှေရင်မျှော်ရွာ၊ ဘုရားကြီးရွာသို့ ပြောင်းရွှေ့ခိုလှုံခဲ့ရပါသည်။

၁၉၇၅ခုနှစ်တွင် မုန်တိုင်းတိုက်ခိုက်မှုကြောင့် အိမ်များပြိုလဲခြင်း၊ သစ်ပင်များပြိုလဲခြင်းတို့ဖြစ်ခဲ့ပါသည်။ ၁၉၈၀ခုနှစ်တွင် မုန်တိုင်းတိုက်ခိုက်မှုကြောင့် အပျက်အစီးအနည်းငယ်ရှိခဲ့ပါသည်။

၂၀၀၆ခုနှစ်တွင် တောင်ပေါ်တွင်ရှိသော ဘုန်းတော်ကြီးကျောင်းကို လက်ရှိတောင်ကုန်းပေါ်သို့ ဆောက်လုပ်ခဲ့ပါသည်။

၂၀၁၂ခုနှစ်တွင် အ.မ.က ကျောင်းရရှိခဲ့ပါသည်။ ကျောင်းဆောင်အားနိုင်ငံတော် ထောက်ပံ့မှု ကိုယ့်အားကိုယ်ကိုးမှုနှင့် ပူးပေါင်း၍ ဆောက်လုပ်ပညာသင်ကြားခဲ့ပါသည်။

## သာပေါင်းမြို့နယ် ၊ သရက်ကုန်းကျေးရွာအုပ်စု ၊ လေပွေကုန်းကျေးရွာ

## ကျေးရွာအခြေပြမြေပုံ



### သုံးသပ်ချက်

**၁။ သောက်သုံးရေရရှိမှု**

သောက်သုံးရေရရှိမှုအနေဖြင့် ကျောက်ရေတွင်း (၂)တွင်း ရှိပါသည်။ ရေအရင်းအမြစ်ကောင်းပါသည်။

**၂။ လမ်းပန်းဆက်သွယ်မှု**

ရွာတွင်းလမ်သည် မြေသားလမ်းဖြစ်၍ မိုးရာသီတွင် ဗွက်ထခြင်း၊ နိမ့်သောနေရာများတွင် ရေမြုပ်ခြင်း ဖြစ်တတ်ပါသည်။ ရွာချင်းဆက်လမ်းအနေဖြင့် တာလမ်းရှိပြီး ကွန်ကရစ်ခင်းထား၍ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်းပါသည်။

**၃။ ပညာရေး**

ပညာရေးအနေဖြင့် ရွာမူလတန်းကျောင်းရှိပါသည်။ အလယ်တန်းနှင့်အထက်တန်းကို သာပေါင်းမြို့နှင့် လှေကြီးတက်ကျေးရွာတို့တွင် တက်ရောက်ပါသည်။ ပညာရေးအသင့်အတင့်ကောင်းမွန်ပါသည်။

**၄။ ကျန်းမာရေး**

ရွာတွင် မရှိပါ။ နီးစပ်ရာရွာများသို့ သွားရောက်ဆောင်ရွက်ပါသည်။

**၅။ အထွေထွေသုံးသပ်ချက်**

လယ်ယာလုပ်ငန်းကြောင့် နွမ်းပါးသူများလည်း အလုပ်ပေးနိုင်ပါသည်။ အရင်းအမြစ်များကို အားလုံး သုံးစွဲကြပါသည်။ ငွေကြေးပြည့်စုံသူများမှ အရင်းအမြစ်များကို ပြုပြင်ထိန်းသိမ်းခြင်းများ ရှိပါသည်။

## သာပေါင်းမြို့နယ် ၊သရက်ကုန်းကျေးရွာအုပ်စု ၊ လေပွေကုန်းကျေးရွာ

## ရာသီခွင်ပြဇယား



### သုံးသပ်ချက်

ရာသီခွင်ပြဇယားကို လေပွေကုန်းကျေးရွာ၊ ရပ်မိရပ်ဖအိမ်တွင် ရေးဆွဲခဲ့ပါသည်။ ရာသီခွင်ပြဇယားကို ကျေးရွာလူထုနှင့် ရေးဆွဲရာတွင် ရာသီဥတုအနေဖြင့် တန်ခူး၊ ကဆုန်နှင့် တပေါင်းလတို့သည် နေသာသောလများဖြစ်ပြီး နယုန်၊ သီတင်းကျွတ်နှင့် တန်ဆောင်မုန်းလတို့သည် မိုးအနည်းငယ်ရွာသွန်းသောလများဖြစ်သည်။ ဝါဆို၊ ဝါခေါင်၊ တော်သလင်းလတို့သည် ရေကြီးသောလများဖြစ်ကြပြီး နတ်တော်၊ ပြာသိုနှင့်တပို့တွဲလတို့သည် နှင်းများကျသောလများဖြစ်ပါသည်။

အလုပ်အကိုင်အနေဖြင့် တန်ခူးနှင့် ကဆုန်လတို့တွင်လယ်၊ ငါးဖမ်းခြင်း၊ သစ်လုပ်ငန်းနှင့် ဈေးရောင်းခြင်းတို့လုပ်ကိုင်ကြပါသည်။ နယုန်နှင့်ဝါဆိုလတို့တွင် မွေးမြူရေးနှင့်ဈေးရောင်းခြင်းတို့လုပ်ကိုင်ကြပါသည်။ ဝါခေါင်နှင့်တော်သလင်းလတို့တွင် ကုန်းလယ်စိုက်ပျိုးခြင်း မွေးမြူရေးနှင့် ဈေးရောင်းခြင်းများလုပ်ကိုင်ကြပါသည်။ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်၊ပြာသို၊ တပို့တွဲနှင့်တပေါင်းလတို့တွင် လယ်စိုက်ခြင်း၊ ရေလုပ်ငန်း၊ သစ်လုပ်ငန်း၊ မွေးမြူရေးနှင့် ဈေးရောင်းခြင်းတို့လုပ်ကိုင်ကြပါသည်။

ဂင်ငွေအနေဖြင့် နယုန်၊ဝါဆို၊ ဝါခေါင်၊တော်သလင်းလတို့တွင် ဝင်ငွေအနည်းငယ်သာရရှိပြီး တန်ခူး၊ကဆုန်၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလတို့တွင် ဝင်ငွေအသင့်အတင့်ရရှိပါသည်။ နတ်တော်၊ ပြာသို၊ တပို့တွဲနှင့်တပေါင်းလတို့တွင် ဝင်ငွေအကောင်းဆုံးလများဖြစ်ပါသည်။

ပွဲတော်အနေဖြင့် တန်ခူးလတွင်သင်္ကြန်ပွဲ၊ဝါဆိုလတွင် ဝါဆိုသင်္ကန်းကပ်ပွဲ ၊ ဝါခေါင်လတွင်သင်္ကန်းကပ်လှူပွဲ၊သတင်းကျွတ်လတွင် မီးထွန်းပွဲ၊ တန်ဆောင်မုန်းလတွင် ကထိန်ပွဲတို့ရှိပြီး ကျန်လများတွင်ပွဲတော်မရှိပါ။

အားလပ်ရက်အဖြစ် တန်ခူး၊ကဆုန်၊ ဝါခေါင်၊တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲနှင့်တပေါင်းလတို့တွင် အားလပ်ရက်နည်းပြီး နယုန်နှင့်ဝါဆိုလတို့တွင် အားလပ်ရက်များပါသည်။

ရောဂါဖြစ်ပွားမှုအနေဖြင့် တန်ခူး၊ နယုန်၊ ဂါဆိုလများတွင် ဖျားနာခြင်းဖြစ်ပါသည်။ ကျန်လများတွင် ရောဂါဖြစ်ပွားမှု နည်းပါး ပါသည်။

## သာပေါင်းမြို့နယ် ၊သရက်ကုန်းကျေးရွာအုပ်စု၊ လေပွေကုန်းကျေးရွာ

## အဖွဲ့အစည်းချိတ်ဆက်ပြဇယား




## သုံးသပ်ချက်

အဖွဲ့အစည်းချိတ်ဆက်ပြဇယားကို လေပွေကုန်းကျေးရွာ၊ ရပ်မိရပ်ဖအိမ်တွင် ရေးဆွဲခဲ့ပါသည်။ အဖွဲ့အစည်းချိတ်ဆက်ပြဇယားကို ကျေးရွာပြည်သူလူထုနှင့် ရေးဆွဲရာတွင် ကျေးရွာအတွင်းအုပ်ချုပ်ရေးသည် အုပ်စုအုပ်ချုပ်ရေးနှင့်ချိတ်ဆက် ဆောင်ရွက်ပါသည်။ ကျောင်းကော်မတီသည် မြို့နယ်ပညာရေးနှင့် ချိတ်ဆက်ဆောင်ရွက်ပါသည်။ ဂေါပကအဖွဲ့သည် ကျေးရွာလူထုနှင့် ချိတ်ဆက်ဆောင်ရွက်ပါသည်။

## သာပေါင်းမြို့နယ် ၊ သရက်ကုန်းကျေးရွာအုပ်စု ၊ လေပွေကုန်းကျေးရွာ

## ဓနအင်အားပြဇယား



## သုံးသပ်ချက်

ဓနအင်အားပြဇယား ငဝန်ကြို့ကုန်း၊ ဘုန်းကြီးကျောင်းတွင် (၂၃.၂.၂၀၁၆)ရက်နေ့တွင် ရေးဆွဲဆွေးနွေးရာ အနွမ်းပါးအုပ်စု (ထိခိုက်လွယ်)သည် ဓနိမိုး၊ ဓနိကာ၊ ဂါးကြမ်းခင်းဖြင့် နေထိုင်ပါသည်။ လယ်ဧကပိုင်ဆိုင်ခြင်း မရှိပါ။ ကြက်၊ ဂက်တို့ မွေးမြူပိုင်ဆိုင်ပြီး တစ်နှစ်တာဂင်ငွေ (၅)သိန်းရရှိပါသည်။ အိမ်ခြေ(၅)လုံး ရှိပါသည်။

အလယ်အလယ်အုပ်စုသည် ပျဉ်ထောင်သွပ်မိုး၊ တိုက်ခံအိပ်များဖြစ်သည်။ လယ်၊ နွား၊ လယ်ယာသုံး စက်ပစ္စည်းများ ပိုင်ဆိုင်ပါသည်။ တစ်နှစ်တာဂင်ငွေမှာ (၂၀)သိန်းခန့်ရှိပြီး အိမ်ခြေ (၈)လုံးရှိပါသည်။

ချမ်းသာအုပ်စုတွင် ပျဉ်ထောင်သွပ်မိုး၊ တိုက်ခံအိမ်များဖြစ်ပါသည်။ လယ်၊ စက်၊ နွား၊ ကွမ်းခြံ၊ စက်လှေနှင့် ဉယျာဉ်တို့ပိုင်ဆိုင်ပါသည်။ တစ်နှစ်တာဂင်ငွေမှာ (၃၀)သိန်းခန့် ရှိပြီး အိမ်ခြေ (၆)လုံး ရှိပါသည်။

အချုပ်အရ အလယ်အလတ်နှင့် ချမ်းသားအုပ်စုတွင်သာ ငွေကြေးပြေလည်ပြီး နွမ်းပါးနှင့် အနွမ်းပါးဆုံး (ထိခိုက်လွယ်)အုပ်စုတွင် အကြွေးတင်မှုများ အစဉ်ရှိနေပါသည်။

## သာပေါင်းမြို့နယ် ၊ သရက်ကုန်းကျေးရွာအုပ်စု ၊ လေပွေကုန်းကျေးရွာ

## အရင်းအမြစ်ပြဇယား



| အရင်းအမြစ်များ | သုံးစွဲသူ | ထိန်းသိမ်း |
|---|---|---|
| လယ်ကိုင်း | ကျား+မ | ကျား+မ |
| သစ်တော | ကျား+မ | ကျား+မ |
| မြစ် | ကျား+မ | ကျား+မ |
| | | |

ပါဝင်ဆွေးနွေးသူ - ကျား (၁၀)
မ (၁၀)

သုံးသပ်ချက်

ကျေးရွာတွင် ဘာဘာဂအရင်းအမြစ်များဖြစ်သော လယ်ယာကိုင်းကျွန်း၊ မြစ်ချောင်း၊ ဥယျာဉ်ခြံတို့အပေါ် မူတည်၍ သုံးစွဲသူ အမျိုးသား၊ အမျိုးသမီးတို့မှ သုံးစွဲကြပါသည်။ မိသားစု အဓိကလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး အမျိုးသားများမှ ဦးစီးလုပ်ကိုင်လျှက်ရှိပြီး အမျိုးသမီးများမှားလည်း ပံ့ပိုး ကူညီလျှက်ရှိပါသည်။ ကျေးရွာအိမ်ခြေ (၇၁)ရာခိုင်နှုန်းသည် လယ်ယာမြေပိုင်ဆိုင်ကြပြီး ကျန်မိသားစုများမှာ စာရင်းငှားအဖြစ် လုပ်ကိုင်ကြပါသည်။ မြစ်ရေနှင့် ရေတွင်းမှရေများကို အိမ်သုံးရေအတွက် အသုံးပြုပြီး ၎င်းရေ သယ်ယူခြင်းလုပ်ငန်းများကို အမျိုးသမီးများမှသာ အဓိကဆောင်ရွက်လျှက်ရှိပါသည်။ ဆောင်းသီးနှံကို မြစ်ရေတင်ပြီး ကေ အနည်းငယ် စိုက်ပျိုးပါသည်။ ဆင်းရဲသားမိသားစုအနည်းငယ်မှာလည်း ငါးဖမ်းခြင်းလုပ်ငန်း ဆောင်ရွက်ပါသည်။ ဥယျာဉ်စိုက်ပျိုးသူမှာ အနည်းငယ်သာရှိပြီး ငှက်ပျောနှင့် အခြားဟင်းသီးဟင်းရွက်များကို စိုက်ပျိုးလုပ်ကိုင်ပါသည်။ ကျေးရွာနှင့် မြို့အဓိကဆက်သွယ်ရေးမှာ ဆိုင်ကယ်နှင့် စက်လှေတို့ ဖြစ်ပါသည်။ ၎င်းအရင်းအမြစ်များကို အမျိုးသား၊ အမျိုးသမီး အိမ်ထောင်ဦးစီးများမှ ညီမျှစွာ သုံးစွဲကြကြောင်း တွေ့ရပါသည်။

## သာပေါင်းမြို့နယ် ၊ သရက်ကုန်းကျေးရွာအုပ်စု ၊လေပွေကုန်းကျေးရွာ

## ကျားမရေးရာကဏ္ဍကို ပင့်ကူအိမ်စနစ်ဖြင့် ပြသပုံ



### သုံးသပ်ချက်

ကျားမရေးရာကဏ္ဍကို ပင့်ကူအိမ်စနစ်ဖြင့်ပြသပုံကို ဇေန်ကြို့ကုန်း၊ ဘုန်းကြီးကျောင်းတွင် (၂၃.၂.၂၀၁၆)ရက်နေ့တွင် ရေးဆွဲဆွေးနွေးရာ ဝင်ငွေ၊ လူမှုရေးလုပ်ငန်းတွင် ပါဝင်နိုင်မှု၊ ဆုံးဖြတ်ချက်ချနိုင်မှု၊ အလုပ်အကိုင်အခွင့်အလမ်းရရှိမှု၊ လုံခြုံမှု၊ ဦးဆောင်နိုင်မှု၊ ပညာရေးအခွင့်အလမ်း၊ အိမ်တွင်းမှုစသည့် အချက်များကို အခြေခံ၍ အမျိုးသားအုပ်စုနှင့် အမျိုးသမီးအုပ်စုခွဲပြီး သုံးသပ်ခဲ့ပါသည်။

- ဝင်ငွေရှာနိုင်မှုတွင် အမျိုးသားများသည် အမျိုးသမီးများထက် ပိုမိုရှာဖွေနိုင်ကြောင်း၊
- လူမှုရေးလုပ်ငန်းများတွင် ပါဝင်နိုင်မှုမှာ အမျိုးသားများမှ ပိုမိုပါဝင်နိုင်ကြောင်း၊
- ဆုံးဖြတ်ချက်ချနိုင်မှုတွင် အမျိုးသားသာ ဦးဆောင်နေကြောင်း၊
- အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုတွင်အမျိုးသမီးမှ အခွင့်အရေးပိုသာနေကြောင်း၊
- လုံခြုံမှုတွင် အမျိုးသားမှ သာလွန်နေကြောင်း၊
- ဦးဆောင်နိုင်မှုတွင် အမျိုးသားမှ ပိုမိုနေကြောင်း၊
- ပညာရေးလက်လှမ်းမီမှုတွင် အမျိုးသားများမှ သာလွန်ကြောင်း၊
- အိမ်တွင်းမှုတွင် အမျိုးသမီးများမှ ပိုမိုလုပ်ကိုင်နေရကြောင်း ကျေးရွာရှိ အမျိုးသား၊ အမျိုးသမီးတို့ မှ သုံးသပ်နိုင်ခဲ့ပါသည်။
-

သာပေါင်းမြို့နယ် ၊ သရက်ကုန်းကျေးရွာအုပ်စု ၊လေပွေကုန်းကျေးရွာ

အမျိုးသား၊ အမျိုးသမီးတို့၏ အခက်အခဲများ

| အမျိုးသား | | အမျိုးသမီး | |
|---|---|---|---|
| 1 | မီးမရှိသည့်အခက်အခဲ | 1 | မီးမရှိသည့်အခက်အခဲ |
| 2 | လမ်းမကောင်းသည့်အခက်အခဲ | 2 | လမ်းမကောင်းသဖြင့်သွားလာရန်ခက်ခဲ |
| 3 | ရင်းနှီးမြှုပ်နှံရန်ငွေကြေးခက်ခဲ | 3 | မူလတန်းကျောင်းမလုံခြုံသည့်အခက်အခဲ |
| 4 | စိုက်ပျိုးရေးနည်းပညာမတက်ကျွမ်းသည့်အခက်အခဲ | 4 | ရင်းနှီးမြှုပ်နှံရန်ငွေကြေးအခက်အခဲ |
| 5 | မူလတန်းကျောင်းမလုံခြုံသည့်အခက်အခဲ | 5 | ဆေးပေးခန်းမရှိသဖြင့်ကျန်းမာရေးအတွက်ခက်ခဲ |
| | | | |

အမျိုးသား၊ အမျိုးသမီးတို့၏ မျှော်မှန်းချက်များ

| အမျိုးသား | | အမျိုးသမီး | |
|---|---|---|---|
| 1 | မီးရရှိရန်မျှော်မှန်း | 1 | မီးရရှိရန်မျှော်မှန်း |
| 2 | လမ်းကောင်းလျှင်သွားလာရန်လွယ်ကူမည်။ | 2 | လမ်းကောင်းလျှင်သွားလာရန်အဆင်ပြေမည်။ |
| 3 | ရင်းနှီးမြှုပ်နှံရန်ငွေကြေးရရှိရန်မျှော်မှန်း | 3 | လုံခြုံသောစာသင်ကျောင်းတစ်ခုဖြစ်ရန်မျှော်မှန်း |
| 4 | စိုက်ပျိုးရေးနည်းပညာများသင်ကြားနိုင်ရန်မျှော်မှန်း | 4 | ရင်းနှီးမြှုပ်နှံရန်ငွေကြေးရရှိရန်မျှော်မှန်း |
| 5 | လုံခြုံသောစာသင်ကျောင်းတစ်ခုဖြစ်ရန်မျှော်မှန်း | 5 | ဆေးပေးခန်းတစ်ခုရရှိရန်မျှော်မှန်း |
| | | | |

အမျိုးသား၊ အမျိုးသမီးများ၏ သဘောတူ လုပ်ဆောင်မည့် လုပ်ငန်းခွဲများ

| | |
|---|---|
| 1 | စာသင်ကျောင်းပြုပြင်ခြင်း |
| 2 | ဆိုလာလမ်းမီး |
| 3 | ကွန်ကရစ်လမ်း |
| 4 | |
| | |
| | |

**သာပေါင်းမြို့နယ်၊ သရက်ကုန်းကျေးရွာအုပ်စု၊လေပွေကုန်းကျေးရွာ**

**ပထမအကြိမ်အစည်းအဝေး**

ရက်စွဲ၊ ၂၄.၁.၂၀၁၇

(၂၄.၁.၂၀၁၇) ရက်နေ့ ည (၁၁း၀၀) နာရီအချိန်တွင် သရက်ကုန်းအုပ်စု၊လေပွေကုန်းကျေးရွာ ရာအိမ်မှူးအိမ်တွင် စီမံကိန်းမိတ်ဆက်အစည်းအဝေးနှင့် ကျေးရွာစေတနာ့ဝန်ထမ်း ရွေးချယ်ခြင်း အစည်းအဝေးကို ပြုလုပ်ခဲ့ပါသည်။ ပထမဦးစွာ အစည်းအဝေးအခမ်းအနားကို ဖွင့်လှစ်ပြီးကျေးရွာ လူထုကိုယ်စား ကျေးရွာ ရပ်မိရပ်ဖတစ်ဦးမှ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ထို့နောက်စီမံကိန်းဂန်ထမ်းများဖြစ်သော ဒေါ်စိမ်းလဲ့လဲ့စိုး(လူထုစည်းရုံးရေးမှူး)၊ ဦးမျိုးသန့်(လူထုစည်းရုံးရေးမှူး)၊ နှင့် ဦးကျော်သူဆန်း(လက်ထောက်နည်းပညာမှူး) တို့မှ ကျေးရွာ လူထုအား မိတ်ဆက်စကားများ ပြောကြားခဲ့ပါသည်။ စီမံကိန်းရည်ရွယ်ချက်၊ လုပ်ဆောင်မှု၊ ပူးပေါင်းပါဝင်မှု နှင့် စီမံကိန်းနှင့် ပတ်သက်သောအကြောင်းအရာများကို စီမံကိန်းဝန်ထမ်းများဖြစ်သောဦးမျိုးသန့်၊ဦးကျော်သူဆန်း၊ဒေါ်စိမ်းလဲ့လဲ့စိုးတို့မှရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာလူထုကို ကော်မတီရွေးချယ်ပုံအဆင့်ဆင့်ကို လူထုစည်းရုံးရေးမှူး များက ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့နောက် စေတနာ့ဂန်ထမ်းရွေးချယ်ရန် ဂန်ထမ်းများ၏လုပ်ဆောင်ပုံ အဆင့်ဆင့်ကို ရှင်းလင်းပြောပြ၍ စေတနာ့ဂန်ထမ်းကျား (၁)ဦး၊ မ (၁)ဦးကို ရွေးချယ်ခဲ့ပါသည်။

# သာပေါင်းမြို့နယ်၊ သရက်ကုန်းကျေးရွာအုပ်စု၊လေပွေကုန်းကျေးရွာ

# ဒုတိယအကြိမ်အစည်းအဝေး

ရက်စွဲ၊ ၂၅.၁.၂၀၁၇

၂၅.၁.၂၀၁၇ ရက်နေ့ ည(၁၁း၃၀)အချိန်တွင် သရက်ကုန်းကျေးရွာအုပ်စု၊ လေပွေကုန်ရားကျေးရွာအိမ်မှူးအိမ်တွင် ဒုတိယအကြိမ်အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပါသည်။

ထို့နောက် လူထုစည်းရုံးရေးမှူးများမှ ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီများ၏ တာဝန်များကို ရှင်းပြပြီး ကော်မတီဝင်များကို ရွေးချယ်ခဲ့ပါသည်။ ထိုသို့ရွေးချယ်ရာတွင် စီ/ထောက်ဥက္ကဌ (၂)ဦး၊ ဝယ်ယူရေး(၃)ဦး လည်ပတ်ပြုပြင်(၃)ဦး၊ စောင့်ကြည့်ကြီးကြပ် (၃)ဦး၊ အကြံပြုတိုင်ကြားရေး (၃)ဦးနှင့် ကျေးရွာစာရင်းကိုင် (၁)ဦးကို ရွေးချယ်ပြီး အမျိုးသမီးများ အချိုးညီမျှစွာ ပါဝင်ခဲ့ကြပါသည်။

ထို့နောက် PRA Tools များကို ကျေးရွာလူထုနှင့်အတူရေးဆွဲကြပါသည်။ ရေးဆွဲထားသော PRA Tools များကို ဦးဆောင်ဆွေးနွေးထားသော ကျေးရွာလူထုထဲမှ တစ်ဦးစီမှ အစည်းအဝေး၌ ပြန်လည်ရှင်းပြဆွေးနွေးခဲ့ပါသည်။ ထို့နောက် ကျေးရွာအချက်အလက်များမှ ရရှိလာသော စီမံကိန်းများကို ကျေးရွာလူထုအား ချပြ၍အဆိုပြုစနစ်ကို အသုံးပြုရွေးချယ်ခဲ့ရာ (၁) စာသင်ကျောင်းပြုပြင်ခြင်း၊ (၂) ဆိုလာမီးလင်းရေး၊ (၃) ကွန်ကရစ်လမ်း၊တို့ သည်ဦးစားပေးအစီအစဉ်များအလိုက်ရရှိလာပါသည်။ ထို့နောက် အစည်းအဝေးကို ည (၂း၃၀)နာရီအချိန်တွင် ပြီးစီးခဲ့ပါသည်။ ထိုအစည်းအဝေးကို ကျေးရွာလူထုမှ ကျား(၂၃)ဦး၊ မ (၁၁)ဦး စုစုပေါင်း (၃၄)ဦး တက်ရောက်ခဲ့ပါသည်။

## သာပေါင်းမြို့နယ်၊ သရက်ကုန်းကျေးရွာအုပ်စု၊လေပွေကုန်းကျေးရွာ

## ကော်မတီဝင်များစာရင်း

| စဉ် | ကော်မတီအမည် | အမည် | ပညာအရည်အချင်း | တာဝန် |
|---|---|---|---|---|
| ၁ | စီမံကိန်းအထောက်အကူပြုကော်မတီ | ဦးဝင်းမြင့် | အထက်တန်း | ဥက္ကဋ္ဌ |
| ၂ | စီမံကိန်းအထောက်အကူပြုကော်မတီ | ဒေါ်တူးတူးမာ | မူလတန်း | ဥက္ကဋ္ဌ |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ဦးအောင်မြင့်ဦး | အထက်တန်း | ဥက္ကဋ္ဌ |
| ၄ | ဝယ်ယူရေးဆပ်ကော်မတီ | ဒေါ်စန်းစန်းနွဲ့ | မူလတန်း | မှတ်တမ်းထိန်း |
| ၅ | ဝယ်ယူရေးဆပ်ကော်မတီ | ဒေါ်တင်တင်သိန်း | မူလတန်း | အဖွဲ့ဝင် |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | ဦးအောင်မြင့်သိန်း | အလယ်တန်း | ဥက္ကဋ္ဌ |
| ၇ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | ဒေါ်စန်းစန်းမြိုင် | အထက်တန်း | အဖွဲ့ဝင် |
| ၈ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | ဦးလှမြင့် | မူလတန်း | အဖွဲ့ဝင် |
| ၉ | လည်ပတ်ပြုပြင်ရေးဆပ်ကော်မတီ | ဒေါ်တင်တင်ညွှန့် | အလယ်တန်း | ဥက္ကဋ္ဌ |
| ၁၀ | လည်ပတ်ပြုပြင်ရေးဆပ်ကော်မတီ | ဦးအထွန်း | အလယ်တန်း | အဖွဲ့ဝင် |
| ၁၁ | လည်ပတ်ပြုပြင်ရေးဆပ်ကော်မတီ | ဒေါ်မေချိုးလွင် | အထက်တန်း | အဖွဲ့ဝင် |
| ၁၂ | ဝေဖန်အကြံပြု | ဦးအောင်ထွန်း | မူလတန်း | တာဝန်ခံ |
| ၁၃ | ဝေဖန်အကြံပြု | ဒေါ်မြင့်မော် | မူလတန်း | တာဝန်ခံ |
| ၁၄ | စာရင်းကိုင် | ဒေါ်ဆွေမာမြင့် | ဘွဲ့ရ | စာရင်းကိုင် |
| ၁၅ | စေတနာ့ဝန်ထမ်း | ဦးမောင်စော | မူလတန်း | စေတနာ့ဝန် |
| ၁၆ | စေတနာ့ဝန်ထမ်း | ဒေါ်ထွန်းသန္တာ | အထက်တန်း | စေတနာ့ဝန်ထမ်း |

**သာပေါင်းမြို့နယ်၊ သရက်ကုန်းကျေးရွာအုပ်စု၊ လေပွေကုန်းကျေးရွာ**

**ကျေးရွာအစည်းအဝေးပွဲများ၏ မှတ်တမ်းဓါတ်ပုံများ**



သာပေါင်းမြို့နယ်၊ ငန်ကြို့ကုန်းကျေးရွာအုပ်စု၊ ငန်ကြို့ကုန်းကျေးရွာတွင် PRA Tools များ ပြုလုပ်ပုံ

